မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
May 28, 2025 Volume 90, Number 19

၂၈. ၅.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၇၉.၄၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၉၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၆.၁၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၂.၉၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၄၀၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းသုံး ကုလားပဲအုပ်စု၊ နှမ်းနှင့် မြေပဲများ ဈေးကောင်းရရှိ ဝယ်လိုအားကောင်းနေ



ပို့ကုန်ပဲများဈေးတည်ငြိမ်နေသော်လည်း ပြည်တွင်းသုံးကုလားပဲအုပ်စု၊ နှမ်းနှင့် မြေပဲများ ဈေးကောင်းရရှိပြီး ဝယ်လိုအားကောင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

မန္တလေးမြို့ ပဲ၊နှမ်းဈေးကွက်တွင် မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဈေးကွက်မှာ ဈေးကောင်းရရှိနေကြောင်း၊ ပြည်တွင်းမြေပဲဆီသုံးစွဲမှုမြင့်တက်လာတာကြောင့် ဆီထွက်သီးနှံများ ဝယ်လိုအား ကောင်းနေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲနှင့် ကျွန်းစားတော်ပဲများ ဈေးအမြင့်ရရှိနေကြောင်း၊ပို့ကုန်ပဲများမှာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်သုံးသိန်းအောက်တွင်သာအရောင်းအဝယ်ဖြစ်နေကြောင်းပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

" ပြည်တွင်းသုံး ကုလားပဲနဲ့ နှမ်းတွေကတော့ ဈေးကောင်း ရလာပါတယ်။ ပို့ကုန်ပဲတွေက တော့ဈေးငြိမ်နေတယ်။ ပြည်တွင်းသုံးကုလားပဲတွေကတော့ ပို့ကုန်သွားတာမဟုတ်သော်လည်း လှောင်လက်သမားများ ဝယ်လိုအားကြောင့် ဈေးမြင့်တက်နေတာပါ။ ဧပြီတစ်လလုံး အရောင်းအဝယ်မကောင်းသော်လည်းမေလဆန်းပိုင်းကစပြီး ကုန်စည်ဒိုင်မှာအရောင်းအဝယ်အားလုံးပြန်ကောင်းနေပါပြီ။လက်ရှိတွင်ပြည်တွင်းမှာ လက်ရှိ ပေါက်ဈေးများထက် ကျဆင်းစရာရှိသလို ပို့ကုန်ပဲ၊ ပြည်တွင်းသုံးပဲတွေ ဈေးငြိမ်နေနိုင်ပါတယ် ´´ ဟု ၎င်းက ပြောသည်။

မေ ၂၅ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံပိသ်သာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၁,၀၀၀ -၂၇၂,၀၀၀၊ မတ်ပဲပိသ်သာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၁,၀၀၀ -၂၈၂,၀၀၀၊ ပဲတီစိမ်း (အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၃,၀၀၀ ပေါက်ဈေးရှိနေ ပြီး ပုံမှန်သာအရောင်းအဝယ်ဖြစ်နေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ပြည်ပတင်ပို့မှုမရှိသော်လည်း လက်ရှိအချိန်တွင် ဝယ်လိုအားကောင်းနေသောကြောင့် V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆ဝ,ဝဝဝ၊ V7 သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၂၆၃,ဝဝဝ၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၅,ဝဝဝ၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅,ဝဝဝ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် ကျွန်းစားတော်ပဲနှင့် ပဲနီပြာတို့မှာ အမြင့်ဈေးတွင်ရှိနေရာ မေ ၂၅ ရက်တွင် ပဲလွန်းပြာ တစ်အိတ်လျှင် ငွေကျပ် ၁၉၅,ဝဝဝ၊ ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၇ဝ,ဝဝဝ –၂၈၅,ဝဝဝ၊ ပဲထောပတ်တစ်အိတ် လျှင် ငွေကျပ် ၃၁၅,ဝဝဝ– ၃၂ဝ,ဝဝဝ၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅,ဝဝဝ၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေ ကျပ် ၄၁ဝ,ဝဝဝ– ၄၁၅,ဝဝဝ၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၆ဝ,ဝဝဝ၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၈ဝ,ဝဝဝ– ၅ဝဝ,ဝဝဝ အသီးသီးပေါက်ဈေးရှိနေသည်။

ဆီထွက်သီးနှံများကို ပြည် တွင်း၊ ပြည်ပဝယ်လိုအားကောင်း နေရာ လက်ရှိအချိန်တွင် ဈေးအနည်းငယ် ပြန်လည်ကျဆင်းမှု ရှိသော်လည်း နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈ဝ,ဝဝဝ၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၅,ဝဝဝ၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅,ဝဝဝ၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅,ဝဝဝ၊ မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၉ဝဝ–၁ဝ,၁ဝဝ၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇,၅ဝဝ၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၉ဝဝ–၄၉၅ဝ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ဆီစက်လုပ်ငန်းရှင်များကို ကျပ်သန်း ၄ဝဝဝ ကျော် ထုတ်ချေးထား



ပြည်တွင်းက ငွေကြေးအရင်းအနှီးလိုအပ်နေတဲ့ ဆီစက်လုပ်ငန်းရှင်၃၅ ဦးကို ၂ဝ၂၂ ခုနှစ်ကနေ လက်ရှိအချိန် အထိချေးငွေကျပ် ၄၄၄၃ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနက သိရပါတယ်။

အရင်က ဆီစက်လုပ်ငန်းတွေကို အများဆုံး ချေးငွေ ကျပ်သိန်း ၃ဝဝဝ အထိ သာပေးခဲ့ပေမဲ့ ယခုအခါ အများဆုံး ကျပ်သိန်း ၅ဝဝဝ အထိ တိုးမြှင့်ပေးထားတယ်လို့ သိရပါတယ်။

ကျပ်သိန်း ၅ဝဝဝ အထက် ရယူလိုတဲ့ လုပ်ငန်းရှင်တွေကတော့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်ကို တိုက်ရိုက် လျှောက်ထားရမှာပါ။လက်ရှိမှာ ပြည်တွင်းက ငွေကြေးအရင်းအနှီးလိုအပ်နေတဲ့ ဆီစက်ပိုင်ရှင်တွေကို သက်သာတဲ့အတိုးနှုန်းနဲ့ ဆီစက်လုပ်ငန်းတွေ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးဖို့ ထပ်မံကြေညာထားပါတယ်။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေလျှောက် ထားရာမှာ လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေတဲ့ ဆီစက်ဖြစ်ရမှာဖြစ်ပြီး လုပ်ငန်းအမည်ပေါက်လိုင်စင် သက်တမ်းရှိရမှာဖြစ် တယ်လို့ ဆိုပါတယ်။

ချေးငွေ တွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်တဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)ကို ပေးအပ်ရမယ်လို့ သိရပါတယ်။ ဘဏ်တွေကနေ လက်ရှိချေးငွေယူထားတဲ့ ဆီစက်တွေကတော့ သီးခြားအာမခံ တင်ပြနိုင်မှသာ ချေးငွေထုတ်ချေးမယ်လို့ ဆိုပါတယ်။

ချေးငွေထုတ်ချေးရာမှာ လုပ်ငန်း သုံး လှည့်ပတ်ရင်းနှီးငွေအတွက် အနည်းဆုံးကျပ်သိန်း ၁ဝဝ ကနေ အများဆုံး ကျပ်သိန်း ၅ဝဝဝ အထိ မတည်ရင်းနှီးငွေအတွက် အနည်းဆုံးကျပ် သိန်း ၂ဝဝ ကနေ ကျပ်သိန်း ၅ဝဝဝ အထိ ထုတ်ချေး သွားမယ်လို့ သိရပါတယ်။

ချေးငွေပြန်ဆပ်ရမဲ့ကာလအနေနဲ့ လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ အတွက် ချေးငွေသက်တမ်း ၁ နှစ်၊ မတည် ရင်းနှီးငွေ အတွက် ချေးငွေသက်တမ်း၃ နှစ် ၊ ၃ ရစ်ဆပ်ရမှာဖြစ်ပြီး အတိုးနှုန်းကတော့ တစ်နှစ်ကို ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ချေးငွေ

လျှော့ကျထားရယူလိုတဲ့ ဆီစက်လုပ်ငန်းရှင်တွေအနေနဲ့ နေပြည်တော်အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တို့က ဆီစက်ပိုင်ရှင်များအသင်းရုံး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းရုံး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာနရုံးခွဲအားလုံး၊ မြန်မာ့စီးပွားရေးဘဏ်ခွဲအားလုံးနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအားလုံးမှာ ချေးငွေအဆိုပြုလွှာထုတ်ယူပြီး လျှောက်ထားရမယ်လို့ သိရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်မှုနဲ့ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုအဖွဲ့က ပြည်တွင်းဆီစက်တွေမှာ ခေတ်မီစက်ပစ္စည်းတွေ တိုးချဲ့တပ်ဆင်နိုင်ဖို့၊ ခေတ်မီဆီစက်အသစ်တွေ ထပ်မံတည်ဆောက်နိုင်ဖို့နဲ့ ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်တွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကမတည်ထူထောင်ထားတဲ့ ဆီစက်လုပ်ငန်းများ ချေးငွေရန်ပုံငွေကနေ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေထုတ်ချေးပေးနေတာဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ငါးတန်များအရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ညောင်တုန်းမြို့နယ်မှ ငါးတန်များ မေလ ဒုတိယပတ်မှ မေလ ၂၆ ရက်နေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ်ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်က ထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိငါးတန်တွေက အရင်ကထက် အထွက်နည်းနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ်အဖြစ်ဆုံးပါ။ အရောင်းအဝယ်ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ညောင်တုန်းမြို့နယ်တွင် ပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးတန်များကိုဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အနေအထားထိ ထုတ်လုပ်ကာ ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈,၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကျောင်းကုန်းမြို့နယ်တွင် မေလဒုတိယပတ်မှ မေလ၂၆ ရက်နေ့ထိ ကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်

ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၂၀ မှ ၂၅၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာ ကောက်ရိုးမှိုတစ်ပိဿာကို ငွေကျပ် ၁၆,၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသတွင်းဈေးကွက်မှာကိုက မှိုတွေကအဝယ်လိုက်နေတာပါ။ အရောင်းအဝယ်ကောင်းနေပေမဲ့ ကောင်းရိုးမှိုစိုက်သူနည်းတော့ အထွက်နည်းနေပါတယ်။ ကုန်ပစ္စည်းကလိုသလောက်မရတဲ့ထိဖြစ်နေပါတယ်။ မှိုအဖူးတွေက အပွင့်တွေထက် ပိုပြီးအရောင်းအဝယ်ကောင်းပါတယ်" ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ တောင်သူများက စိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် ၁၅ ပေပတ်လည်ပေါင်မှ ပေါင် ၅၀ ထိ စိုက်ပျိုးကြကြောင်း၊ ကောက်ရိုးမှိုများသည် စိုက်ပျိုးပြီးသည့်နေ့မှ ၁၅ ရက်ကြာလျှင် တစ်ကြိမ်နုတ်ပြီးရောင်းရကြောင်း၊ မှိုစိုက်ပျိုးရာတွင် ရောင်းတမ်းဝင်သည်ထိ မှိုတစ်ပေါင်လျှင် ငွေကျပ် ၁၄၅,၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထောပတ်ပဲဈေးကွက်အခြေအနေ



ထောပတ်ပဲသီးနှံကို မိုးသီးနှံအဖြစ် ဇွန် နှင့် ဇူလိုင်လ များမှာစိုက်ပျိုး၍ အောက်တိုဘာ နှင့် နိုဝင်ဘာလများတွင် ထွက်ပေါ်ပြီး၊ ဆောင်းသီးနှံကို အောက်တိုဘာနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးကာ ဖေဖော်ဝါရီနှင့် မတ်လများတွင် ထွက်ပေါ်လေ့ရှိသည်။

ထောပတ်ပဲသည် ပြည်တွင်း နေ့စဉ်စားသုံးမှုရှိသည့် စားတော်ပဲပြုတ်ပြီးလျှင်ထောပတ်ပဲပြုတ်သည်လည်း စားသုံးမှုအများဆုံးဖြစ် သည်။ ပဲကြော်၊ ပဲလှော်အဖြစ်အသုံးပြုခြင်းရှိသည့်အပြင် ပြည်ပသို့လည်း တင်ပို့လျက်ရှိသည့် လယ်ယာထွက်ကုန်သီးနှံတစ်မျိုး ဖြစ်သည်။

မန္တလေးကုန်စည်ဒိုင် ဈေးကွက်သို့ တိုင်းတွင်းထွက်ရှိသည့် ထောပတ်ပဲများအား အရွယ်အစားအလိုက် အကြီး၊ အလတ်၊ အသေးစသည်ဖြင့် ရောင်းဝယ်မှုရှိပြီး၊ မေလနောက်ဆုံးပတ်တွင် ပဲထောပတ်အရောင်းအဝယ်ပုံမှန်ရှိနေကြောင်းသိရသည်။

မေလ နောက်ဆုံးပတ်တွင် ထောပတ်ပဲ(ကြီး) ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် / ယခင်တစ်ပတ် ၃၁၅,၀၀၀ကျပ်မှ ၃၂၀,၀၀၀ကျပ် ၊ ယခင်လ ၃၀၀,၀၀၀ကျပ် မှ ၃၁၅,၀၀၀ကျပ်ဖြစ်သည်။

ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက် ၅၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ် ဈေးမြင့်လာသည်။

ထောပတ်ပဲ(လတ်)၅၆ ဒသမ ၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၈၀,၀၀၀ကျပ် မှ ၂၉၅,၀၀၀ကျပ်၊ ယခင်တစ်ပတ် ၂၈၀,၀၀၀ ကျပ်မှ ၂၉၀,၀၀၀ကျပ်၊ ၊ ယခင်လ ၂၈၀,၀၀၀ကျပ် မှ ၂၈၅,၀၀၀ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၅၀၀၀ ကျပ်၊ ယခင်လထက် ၁၀,၀၀၀ကျပ် ဈေးမြင့်လာသည်။

ထောပတ်ပဲ(သေး) ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်၂၉၅၀၀၀ကျပ် မှ ၂၉၈,၀၀၀ ကျပ်၊ ယခင်တစ်ပတ် ၂၉၈,၀၀၀ကျပ်၊ ယခင်လတွင် ၂၇၅,၀၀၀ကျပ်မှ ၂၈၅,၀၀၀ ကျပ် ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီ၊ ယခင်လထက် ၁၃,၀၀၀ကျပ်မှ ၂၀,၀၀၀ကျပ် ဈေးမြင့်လာသည်။

Source : https://myantrade.gov.mm/

## စတုတ္ထစီးပွားရေးအင်အားကြီးနိုင်ငံ အိန္ဒိယဖြစ်လာ

အိန္ဒိယဟာ ဂျပန်ကိုကျော်တက်ပြီး ကမ္ဘာ့စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်လာကြောင်း The New York Times သတင်းမှာ ပါရှိလာပါတယ်။





NITI Aayog လို့ ခေါ်တဲ့ အစိုးရ Think Tank အေဂျင်စီက အိန္ဒိယနိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP)ဟာ အမေရိကန်ဒေါ်လာ ၄ ထရီလီယံကို ရောက်ရှိခဲ့ပြီလို့ ကြေညာခဲ့ပါတယ်။

ဒီကြေညာချက်အရ အိန္ဒိယဟာ အမေရိကန်၊ တရုတ်နဲ့ ဂျာမနီတို့ပြီးရင် ကမ္ဘာပေါ်မှာ စတုတ္ထမြောက် စီးပွားရေးအရ အင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာပါတယ်။ စီးပွားရေးအညွှန်းကိန်းတွေအရ အိန္ဒိယဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က အမေရိကန် ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံရှိခဲ့ရာကနေ ဆယ်စုနှစ်တစ်ခုအတွင်းမှာတင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ထရီလီယံနီးပါးအထိ တိုးလာခဲ့တာဖြစ်ပါတယ်။ ဒါဟာ အမေရိကန်၊ တရုတ်၊ ယူကေနဲ့ပြင်သစ်တို့ရဲ့ GDP တိုးနှုန်းတွေနဲ့ယှဉ်လိုက်ရင် ပမာဏအများကြီးကွာခြားတာလည်းဖြစ်ပါတယ်။ အိန္ဒိယရဲ့ စီးပွားရေးတိုးတက်နှုန်းက အချိန်ကြာလာတာနဲ့အမျှ ပိုမြန်လာပြီး ၂၀၀၇ ခုနှစ်တုန်းက ပထမဆုံးအမေရိကန်ဒေါ်လာ ၁ ထရီလီယံကို ရောက်ခဲ့ပေမဲ့ ဒီလိုရောက်နိုင်ဖို့ နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့တာပါ။

၂၀၂၁ ခုနှစ်အရောက်မှာ ဒေါ်လာ ၃ ထရီလီယံထိ တိုးလာပြီး လေးနှစ်အကြာ ၂၀၂၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၄ ထရီလီယံအထိ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်း(IMF)ရဲ့ ဒေတာအရ အိန္ဒိယရဲ့ ၂၀၂၅ ခုနှစ် GDP ဟာ ဂျပန်ရဲ့ခန့်မှန်း GDP အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈၆ ဘီလီယံထက် ပမာဏပိုများနိုင်ပြီး ဒီနှုန်းအတိုင်းဆက်သွားနိုင်ရင် နောင် ၂ နှစ်ခွဲ ၃ နှစ်အတွင်းမှာတင် အိန္ဒိယဟာ တတိယမြောက် စီးပွားရေးအင်အားအတောင့်တင်းဆုံးနိုင်ငံဖြစ်လာမယ်လို့ ခန့်မှန်းနေကြပါတယ်။

**Source :** https://onenewstvchannel.com/

## မလေးရှားသဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် ၁၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့



မလေးရှားနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ် တတိယသုံးလပတ်က တန်ချိန် ၁၁၇,၀၄၀ နှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် ပထမသုံးလတွင် တန်ချိန် ၉၅,၀၅၉ သို့ ၁၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း မေလ ၁၄ ရက်နေ့က ထုတ်ပြန်သော တရားဝင်အချက်အလက်များ အရ သိရသည်။

မလေးရှားစာရင်းအင်းဌာန (DOSM) ၏ ထုတ်ပြန်ချက်တွင် မလေးရှားနိုင်ငံ၏ ၂၀၂၅ ပထမလ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၄ ပထမလ၏ သဘာဝရော်ဘာထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်။

မတ်လအတွက် သဘာဝရော်ဘာထုတ်လုပ်မှုသည် ဖေဖော်ဝါရီလက ထုတ်လုပ်ခဲ့သော ၃၆,၀၀၅ တန်နှင့်နှိုင်းယှဉ်ပါက ၂၁,၇၁၂ တန် သို့ ၂၀ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သည်။ နှစ်အလိုက်ယှဉ်ပါက သဘာဝရော်ဘာထုတ်လုပ်မှုမှာ ၂၀၂၄ ခုနှစ်၏ တန်ချိန် ၂၆,၉၆၆ မှ ၆ ဒသမ၅ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် မတ်လတွင် စုစုပေါင်းရော်ဘာ တင်ပို့မှု၏ ၄၇ ဒသမ ၇ ရာခိုင်နှုန်းဖြင့် သဘာဝရော်ဘာ တင်ပို့မှုအတွက် အဓိကဦးတည်ရာအဖြစ်ဆက်လက်ရပ်တည်ခဲ့သည်။ ၎င်း၏နောက်တွင် ဂျာမနီ (၈ ရာခိုင်နှုန်း) ၊ အမေရိကန် ( ၇ ဒသမ ၄ ရာခိုင်နှုန်း)၊ အာရပ်စော်ဘွားများပြည်ထောင်စု (၆ ဒသမ ၃ ရာခိုင်နှုန်း) နှင့် အီဂျစ် (၃ ဒသမ ၃ရာခိုင်နှုန်း) တို့ရှိကြသည်။ လက်အိတ်၊ တာယာ၊ပြွန်နှင့်ရော်ဘာချည်စသည့်သဘာဝရော်ဘာအခြေခံထုတ်ကုန်များကြောင့်တင်ပို့မှုစွမ်းဆောင်ရည်မြင့်တက်လာခဲ့သည်။ မတ်လတွင် တန်ဖိုး ၁ ဒသမ ၃ ဘီလီယံရင်းဂစ်ရှိသော လက်အိတ်များသည် အဓိကတင်ပို့သော ရော်ဘာအခြေခံထုတ်ကုန်ဖြစ်ပြီး ဖေဖော်ဝါရီလက တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ၉ ဒသမ ၅ ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့သည်။

**Source:** https://www.doca.gov.mm

## ဂျာမနီတွင် ၂၀၂၅ ခုနှစ်၌ စီးပွားရေးတိုးတက်မှုနှုန်းသုညဖြစ်နေခြင်းကို ထရမ့်၏အခွန်စည်းကြပ်မှုများကြောင့်ဟု အပြစ်တင်

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ကုန်သွယ်ရေးမူဝါဒများ အကျိုးသက်ရောက်မှုကြောင့် ဂျာမနီအစိုးရသည် ၎င်းတို့၏ စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်ကို သုညသို့လျှော့ချလိုက်ကြောင်း သိရသည်။

ဒေါ်နယ်လ်ထရမ့်၏ ကုန်သွယ်ရေးမူဝါဒနှင့် ယင်းကုန်သွယ်ရေးမူဝါဒ၏ အကျိုးဆက်များသည် ဂျာမနီနိုင်ငံအပေါ်များစွာ သက်ရောက်မှုရှိခဲ့ကြောင်း အစိုးရအဖွဲ့မှ မကြာမီတာဝန်ထမ်းဆောင်မှုပြီးဆုံးမည့် စီးပွားရေးဝန်ကြီး Mr. Robert Habeck က ၂၄-၄-၂၀၂၅ ရက်တွင် ပြောကြားခဲ့သည်။

ဥရောပ၏အကြီးဆုံးစီးပွားရေးဖြစ်သော ဂျာမနီနိုင်ငံတွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များ၌ နှစ်နှစ်ဆက်တိုက် စီးပွားရေး ကျဆင်းခဲ့ပြီးနောက်ယခုအချိန်၌လည်းသက်သာရာရစေမည့်မျှော်လင့်ချက်အနည်းငယ်သာရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ ဂျာမန်စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် သုည ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် သုည ဒသမ ၂ ရာခိုင်နှုန်းကျုံ့သွားခဲ့ပြီး ဖြစ်သည်။

ဥရောပသမဂ္ဂအနေဖြင့် ၎င်း၏နယ်ပယ်အတွင်းမှ အမေရိကန်သို့တင်ပို့မည့်ကုန်ပစ္စည်းများအပေါ်တွင် ၂၀ ရာခိုင်နှုန်းအခွန် ထပ်မံစည်းကြပ်မည့်ကိစ္စကို ရှောင်ရှားပေးရန် အမေရိကန်အစိုးရနှင့်ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

အမေရိကန်သည် ဂျာမနီ၏အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ထရမ့်၏အခွန်စည်းကြပ်မှုသည် အခြားသောနိုင်ငံများ ထက် ဂျာမနီနိုင်ငံ၏ စီးပွားရေးကို ပိုမိုထိခိုက်စေကြောင်း၊ အမေရိကန်၏ ကုန်သွယ်ရေးမူဝါဒသည် ပို့ကုန်တင်ပို့မှုအပေါ် အလေး ထားသော ဂျာမန်စီးပွားရေးအပေါ် တိုက်ရိုက်သက်ရောက်မှုများရှိခဲ့ကြောင်း Mr. Habeck က ပြောကြားခဲ့သည်။

အမေရိကန်မှ သွင်းကုန်အားလုံးအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းနှင့် မော်တော်ကားများ၊ အလူမီနီယံနှင့် သံမဏိတို့ အပေါ်စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမည့်ကိစ္စသည်ဂျာမနီနိုင်ငံ၏ အဓိကကျသော ပို့ကုန်ကဏ္ဍများဖြစ်ကြသည့် မော်တော်ကားနှင့် ဆေးဝါးလုပ်ငန်းများကို ပြင်းထန်စွာထိပါးစေခဲ့ကြောင်း ဖော်ပြထားသည်။

ဂျာမနီ၏ ကြီးမားသော ကုန်သွယ်ဖက်များဖြစ်ကြသည့် တရုတ်နှင့် အမေရိကန်နိုင်ငံ၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ရုရှားတို့ သည် ဂျာမနီအပေါ် စီးပွားရေးဆိုင်ရာ အခက်အခဲများဖြစ်စေခဲ့သည်ဟု Mr. Habeck ကပြောကြားခဲ့သည်။

သို့သော်လည်း Mr. Habeck နှင့် ဂျာမနီအစိုးရ၏ ကြိုတင်ခန့်မှန်းချက်သည် ဂျာမန်ဗဟိုဘဏ်၏ခန့်မှန်းချက်ထက် ပို၍ အပြုသဘောဆောင်ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီတွင်ကျင်းပခဲ့သော ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ Spring Meetings တွင် Bundesbank ၏ဥက္ကဋ္ဌဖြစ်သော Mr. Joachim Nagel က စီးပွားရေးသည် အကောင်းဆုံးအခြေအနေတွင် ရပ် တန့်နေခဲ့ခြင်းဖြစ်ကြောင်းနှင့် မသေချာမရေရာသည့်ကာလမပြီးဆုံးသေးသည့်အတွက် ၂၀၂၅ ခုနှစ်တွင် စီးပွားရေးအနည်းငယ် ဆုတ်ယုတ်ကျဆင်းနိုင်သည့်ကိစ္စအပေါ် ၎င်းအနေဖြင့် မငြင်းဆိုနိုင်ပါဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း ကြုံတွေ့ခဲ့ရသော ကိုရိုနာဗိုင်းရပ်ကူးစက်မှုကိုထိန်းချုပ်ရန်ဆောင်ရွက်ခဲ့ရသည့်အစီအမံများနှင့် ယင်း၏နောက်တွင် ဖြစ်ပေါ်လာခဲ့သော ရုရှားကယူကရိန်းကိုကျူးကျော်ခဲ့မှုတို့ကြောင့် ငွေကြေးဖောင်းပွမှုမှာ မြင့်တက်လာခဲ့ပြီး ဂျာမနီ၏စီးပွားရေးသည် အကျပ်အတည်းတွင် နစ်မွန်းနေခဲ့ရကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် မေလအစောပိုင်းတွင် အာဏာရလာမည့် ရွေးရိုးစွဲဝါဒီ Mr. Friedrich Merz ၏ လက်ထက်တွင် ယူရိုဘီလီယံ ရာချီတန်ဖိုးရှိသောအသုံးစရိတ်အစီအစဉ်အသစ်တစ်ခုအကောင်အထည်ဖော်မည့်ကိစ္စသည် ဂျာမန်စီးပွားရေးကိုပြန်လည် ရှင်သန် အောင်ပြုလုပ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း Mr. Habeck က ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သိရသည်။

**Source:** https://www.dw.com/en/germany-sees-zero-growth-in-2025-blames-trump-tariffs/a-72338707

**(သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (28.5.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th May, 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,733 (Shares) | 30,747,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,500 | -100 | -1.52% | 6,500 | 6,500 | 6,500 | 1,000 | 6,500,000 | 33,109,694 | 215,213 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 7,313 | 21,573,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 10 | 18,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 183 | 512,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 1,107 | 1,673,000 | 19,977,223 | 30,965 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 110 | 440,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 10 | 31,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th May, 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 342.59 | -2.39 | -0.69% | 342.06 | 342.59 | 342.06 | 9,733 | 30,747,750 | 8 | 646,193 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 28th May, 2025

| Trading Volume | Trading Value |
|---|---|
| 9,743 (Shares) | 30,778,750 (MMK) |

## Main Board

As of 1:00 pm, 28th May, 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,733 (Shares) | 30,747,750 (MMK) |

| MYANPIX | 342.59 ▼ 2.39 |
|---|---|
| Total Volume (shares) | 9,733 |
| Total Value (MMK) | 31 mil |
| Listed Company | 8 |
| Market Cap. (MMK) | 646,193 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,500 | ▼ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,550 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |